## ပခုက္ကူမြို့နယ် ၊ ပေါက်တောအုပ်စု

## ပေါက်တောကျေးရွာ

၏

## ကျေးရွာအခြေပြု

# လက်စွဲစာအုပ်

ရက်စွဲ။ ၂၀၁၄-ခုနှစ် ၊ဇွန်လ (၂၈ )ရက်။

# မိတ်ဆက်

ဤကျေးရွာလက်စွဲစာအုပ်သည် မိမိတို့ကျေးရွာ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေးအခြေအနေအရပ်ရပ်တို့နှင့် သဘာဝဘေးအန္တရာယ်အတွေ့အကြုံများ ထိခိုက်ခံရမှုများကို ရွာသူရွာသားတို့ကိုယ်တိုင် ကျေးရွာအတွင်း စကားဝိုင်းဆွေးနွေးပွဲများမှ ထွက်ပေါ်လာခဲ့သော အကြောင်းအရာများကို မှတ်တမ်းတင်ထားခြင်းဖြစ်ပြီး ၎င်းအချက်အလက်များကို အခြေခံ၍ မိမိတို့ကျေးရွာတိုးတက်ဖွံ့ဖြိုးလာစေရန် လိုအပ်ချက်များကို သတ်မှတ်ဖော်ထုတ်ကာ မည်ကဲ့သို့ရရှိအောင် ကြိုးဆောင်လုပ်ကိုင်ကြမည်ဟူသော လိုအပ်ချက်များအကောင်အထည်ဖော်ဆောင်ရွက်ရေးအစီအစဉ်ကို ရေးဆွဲကြခြင်းဖြစ်သောကြောင့် မိမိတို့ကျေးရွာ၏ရည်မှန်းချက်ပန်းတိုင်ကို သတ်မှတ်ဖော်ထုတ်ထားသောအစီအစဉ်များဖြစ်သည်ဟုလည်း ဆိုနိုင်ပါသည်။

ဤကျေးရွာလက်စွဲစာအုပ်မှတ်တမ်း ပေါ်ထွက်လာစေရန်အတွက် အဓိကကူညီပံ့ပိုးကာ အချက်အလက်များကို ကျေးရွာအတွင်းစကားဝိုင်းနှင့် ဆွေးနွေးပွဲများပြုလုပ်ကာ မှတ်တမ်းပြုစုသူများမှာလည်း ဤကျေးရွာမှပင်ဖြစ်ကာ ယခုကဲ့သို့မှတ်တမ်းပြုစုနိုင်ရန်အတွက်လည်း Action Aid(INGO)အဖွဲ့မှ သင်တန်းတက်ရောက်ခဲ့ပါသည်။

ထို့ကြောင့် ကျေးရွာလက်စွဲစာအုပ်သည် သဘာဝဘေးအန္တရာယ်များကို မည်ကဲ့သို့ကြိုတင်ကာကွယ်ရမည်၊ ထိခိုက်မှုကို မည်ကဲ့သို့လျော့နိုင်သည် အစရှိသည့်နည်းလမ်းများကို လုပ်ဆောင်လာနိုင်ရန် လမ်းညွှန်မှုများကိုလည်း ပြုလုပ်နေပါသောကြောင့် သဘာဝဘေးကြောင့် မိမိတို့၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍတို့တွင် ထိခိုက်ဆုံးရှုံးရမှုများကို လျော့နည်းသက်သာစေမည်လည်းဖြစ်သည်။

ဤကဲ့သို့ တစ်ရွာလုံး၏ဗဟုသုတနှင့် သဘောထားဆန္ဒတို့ကို တစ်နေရာတည်း၌ စုစည်းတင်ပြထားသောကြောင့် အလွယ်တကူဖတ်ရှု၍ သိရှိနိုင်ကာ ရေရှည်၌ မိမိတို့၏ တစ်ဦးခြင်း၊ မိသားစုနှင့် တစ်ရွာလုံးအတိုင်းအတာအရ တိုးတက်ဖွံ့ဖြိုးရေးတွင် အနှောက်အယှက် အန္တရာယ်တို့လျော့နည်းကာ တစ်ရွာလုံးမှသည် ဒေသတစ်ခုလုံး တိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် ရည်သန်ကာ မှတ်တမ်းပြုစုတင်ပြအပ်ပါသည်။

ဦးအောင်မင်းနိုင်
ညွှိနှိုင်းရေးတာဝန်ခံ
(အပူပိုင်းဇုံဒေသစီမံကိန်း)
အက်ရှင်အေ့ဒ်(မြန်မာ)

CamScanner

# မှတ်တမ်းဂုဏ်ပြုလွှာ

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းတွင် တည်ရှိပြီး ရပ်ကွက်(၁၅)ရပ်ကွက်၊ ကျေးရွာအုပ်စု (၅၅)အုပ်စု၊ ကျေးရွာပေါင်း (၂၆၄) ရွာရှိပြီး အကျယ်အဝန်း အားဖြင့် (၄၈၅.၈၅) စတုရန်းမိုင်ရှိပါသည်။ မြို့နယ်အတွင်း အစိုးရဆည်/ကန် (၆)ခုနှင့် ဒေသန္တရဖွံ့ဖြိုးရေးဆည် ကန်(၃)ခု၊ လျှပ်စစ်/ဒီဇယ် မြစ်ရေတင်(၂)ခုရှိပါသည်။ ၁၀နှစ်ပျမ်းမျှမိုးရွာရက် (၄၅)ရက်နှင့် မိုးရေချိန်(၂၆.၁၄) လက်မသာရှိ၍ ပူပြင်းခြောက်သွေ့သောဒေသဖြစ်သဖြင့် နွေရာသီတွင် သောက်သုံးရေရှားပါးသည့် ဒေသဖြစ် ပါသည်။ မြို့ပြတွင် စက်ရေတွင်း (၃၈၅၂)တွင်း၊ လက်တူးတွင်း(၂၇၁၈)တွင်း၊ သောက်ရေကန်(၄၁)ကန်၊ ကန်တော်ကန်(၁)ကန်၊ ကျေးလက်တွင် စက်ရေတွင်း (၁၂၉)တွင်း၊ လက်တူးတွင်း(၁၅၂၃)တွင်း၊ ရေကန်(၉၀) နှင့် တုံကင်ရေတွင်း(၆၂၃၀)တွင်းရှိပါသည်။

မြို့နယ်လူဦးရေ ၂၀၁၄ ခုနှစ်မေလကုန်အထိ (၂၉၂၃၈၆)ဦး၊ မြို့ပြလူဦးရေ(၈၃၄၂၅)ဦး ၂၈.၅ ရာခိုင်နှုန်းနှင့် ကျေးလက်နေလူဦးရေ (၂၀၈၉၆၁)ဦး ၇၁.၅ ရာခိုင်နှုန်းနေထိုင်ကြပြီး ဆင်းရဲမှုရာခိုင်နှုန်းအနေဖြင့် ၂၀၁၀-၁၁ ခုနှစ်တွင် မြို့နယ်လူဦးရေ၏ ၂၇ ရာခိုင်နှုန်းရှိပြီး ၂၀၁၅-၁၆ ခုနှစ်တွင် မြို့နယ်လူဦးရေ၏ ၁၅ရာခိုင်နှုန်းဖြစ်ပေါ်ရန် မျှော်မှန်းထားပါသည်။

နိုင်ငံတော်မှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစီမံချက်အရ -

(၁) လယ်ယာကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး

(၃) ကျေးလက်ဒေသအသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

(၄) အသေးစားပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

(၅) သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

(၆) ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး

(၇) ကျေးလက်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေး

(၈) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

လုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ဝန်ကြီးဌာနများ၊ လူမှုရေးအသင်းအဖွဲ့(NGO)များ၊ နိုင်ငံတကာ အစိုးရမဟုတ်သောအသင်း(INGO)အဖွဲ့များ၊ ပြည်သူများ ပူးပေါင်းပါဝင်လျက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ပခုက္ကူမြို့နယ်ရှိ ဌာနဆိုင်ရာများ၊ (NGO)(INGO)အဖွဲ့များ၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်း စီမံချက်များ ဖွံ့ဖြိုးတိုးတက်အောင်မြင်မှု အရှိန်အဟုန် ရရှိနေသည်ကို မြင်တွေ့နေရပြီးဖြစ်ပါသည်။

ထို့ကြောင့် ဤကျေးရွာလက်စွဲစာအုပ်သည် ပခုက္ကူမြို့နယ်ရှိ လူဦးရေ(၇၁.၅)ရာခိုင်နှုန်း မှီတင်းနေထိုင်သော ကျေးလက်ဒေသနှင့် လူဦးရေ(၂၈.၅)ရာခိုင်နှုန်းနေထိုင်သော မြို့ပေါ်ရပ်ကွက်တို့၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူကိုဗဟိုပြုသောချဉ်းကပ်လုပ်ဆောင်နည်းလမ်းစဉ်ဖြင့် ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လုပ်သားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေးတိုးတက်ကောင်းမွန်ရေး၊ အလုပ်အကိုင်ရရှိရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ငွေကြေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေးစသည့် လုပ်ငန်းများကို ရေတို၊ ရေလတ်၊ ရေရှည်လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကြီးမားစွာအထောက်အကူပြုမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

(မြင့်ခိုင်)

မြို့နယ်အုပ်ချုပ်ရေးမှူး

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ပခုက္ကူမြို့

CamScanner

# မာတိကာ


၁။ ကျေးရွာနိဒါန်း (တည်နေရာ၊ အကျယ်အဝန်း၊ အိမ်ခြေ၊ လူဦးရေ)

ကျေးရွာအခြေခံသတင်းအချက်အလက်အနှစ်ချုပ်

၂။ လူနေမှုအရင်းအမြစ်ပြမြေပုံ

၃။ ရာသီခွင်ပြဇယား (Seasonal Calendar)

၄။ ပြဿနာသစ်ပင်

၅။ ပြဿနာဖြေရှင်းနည်း

၆။ ကျေးရွာနှင့် အဖွဲ့အစည်းများဆက်စပ်မှုပြ စက်ဝိုင်းပုံ

၇။ ဝန်ဆောင်မှုနှင့် အခွင့်အလမ်းများပြမြေပုံ

၈။ အိပ်မက်မြေပုံ(ကျေးရွာအနာဂတ်မျှော်မှန်းချက်ပြမြေပုံ )

၉။ ထူးခြားဖြစ်စဉ်ပြဇယား

၁၀။ ကျေးရွာ၏ လိုအပ်ချက်အကောင်အထည်ဖော်ဇယား

၁၁။ အမျိုးသမီးဆိုင်ရာသုံးသပ်ချက်ပြ

# နိဒါန်း

| | | |
|---|---|---|
| ကျေးရွာအမည် | – | ပေါက်တောရွာ |
| ကျေးရွာအုပ်စုအမည် | – | ပေါက်တောကျေးရွာအုပ်စု |
| အိမ်ခြေ | – | ၃၃၉ |
| အိမ်ထောင်စု | – | ၃၄၄ |
| လူဦးရေ | – | ကျား–၇၂၁ / မ–၈၅၂ ၊ စုစုပေါင်း–၁၅၇၃ |
| တည်နေရာ | – | ပခုက္ကူ (၂၄) မိုင် (၄)ဖာလုံ ၊ မြစ်ခြေ– ၄ မိုင် ၄ ဖာလုံ ရောဝတီမြစ်အနောက်ဘက်ကမ်းတွင်တည်ရှိ |
| အဓိကအသက်မွေ့ဝမ်းကြောင်း | – | စိုက်ပျိုးရေး ၊ တောင်သူ ၊ လက်လုပ်လက်စား |
| သောက်သုံးရေ | – | အဝီစိတွင်းရေ |
| မီးရရှိရေး | – | ထရန်စဖော်မာနှင့် လျှပ်စစ်မီး |
| ဖွံ့ဖြိုးရေးလုပ်ငန်းအခြေအနေ | – | ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်လျှက်ရှိ |

# ကျေးဇူးတင်လွှာ

ဤမှတ်တမ်းပါ အကြောင်းအရာအချက်အလက်များသည် ကျွန်ုပ်တို့ကျေးရွာသူ /သားများကိုယ်တိုင် ဖော်ထုတ်သုံးသပ်ထားသော ကျေးရွာ၏ လိုအပ်ချက်များနှင့် ဖြေရှင်းနည်းများဖြစ်ပါသည်။

ယခုကဲ့သို့ ဖော်ထုတ်လုပ်ဆောင်ခြင်းကြောင့် အကျိုးရလဒ်အနေနှင့် ကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရန် လိုအပ်နေမှုများကို သေသေချာချာ နားလည်သဘောပေါက်ခဲ့ရပြီး တိကျရှင်းလင်းသော အဖြေနှင့်ဆုံးဖြတ်ချက်များကို ကျွန်ုပ်တို့ကိုယ်တိုင်ချမှတ်နိုင်ခဲ့ကြပါသည်။ မှတ်တမ်းစာအုပ်ပါ အချက်အလက်များသည် ယခင် ၊ ယခုနှင့်နှိုင်းယှဉ်၍ သင်ခန်းစာယူစရာများ ၊ ကြိုတင်သတိမူစရာများနှင့် ပိုမိုကောင်းမွန်သော နည်းလမ်းများကို ဖော်ထုတ်နိုင်ခဲ့ကြပြီး ကျေးရွာသူ / သားများကိုယ်တိုင် တတ်သိပညာရှင်များနှင့်လည်းကောင်း ၊ အားသွန်ခွန်စိုက် ပူးပေါင်းပါဝင်လာနိုင်ရန် ညွှန်ပြနေပါသည်။

ကျေးရွာသူ / သားများ စည်းလုံးညီညွတ်စွာ တိုင်ပင်၍ နှီးနှောဆုံးဖြတ်ပါသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အမှားအယွင်းနည်းစွာဖြင့် ရေရှည်ပိုမိုထိရောက်အောင်မြင်မှာ မလွဲပါ။

မှတ်တမ်းတင်ဂုဏ်ပြုထိုက်သူမှာ Action Aid မှ ပို့ချပေးသော သင်တန်းတွင် စိတ်ဝင်စားစွာ တက်ရောက်ပြီး မိမိကျေးရွာအတွက် အကျိုးရှိအောင် ကြိုးစားဖော်ထုတ်လုပ်ကိုင်ပေးသော ကျေးရွာခေါင်းဆောင် ဦးကျော်တိုး၊ ဖွံ့ထောက်အဖွဲ့ အတွင်းရေးမှူး–ဦးညွန့်အောင်၊ ရပ်မိရပ်ဖဖြစ်သည့် ဦးအောင်သောင်းနှင့် လူငယ်အဖွဲ့ဝင် မမိုးမိုးခိုင်၊ မကြူကြူသင်း၊ မနွယ်နီအောင်နှင့် ကျေးရွာလူထုဆွေးနွေးပွဲတွင် တက်ရောက်ဆွေးနွေးပေးသော ကျေးရွာရပ်မိရပ်ဖများ ၊ ကျေးရွာသူကျေးရွာသားများ Action Aid အဖွဲ့မှ ကျေးရွာလက်စွဲစာအုပ်ပြုလုပ်ရန် သင်တန်းပြသပေးသော ဆရာမ ဒေါ်ခင်မိုးဆွေတို့ပင်ဖြစ်ပါသည်။

ဇော်မျိုးထိုက်
ပေါက်တောရွာ

# ကျေးရွာအခြေခံသတင်းအချက်အလက်အနှစ်ချုပ်

ကျေးရွာအမည် = ပေါက်တောကျေးရွာ
ကျေးရွာအုပ်စု = ပေါက်တောအုပ်စု
မြို့နယ် = ပခုက္ကူမြို့နယ်

| | | |
|---|---|---|
| ၁ | လူဦးရေစုစုပေါင်း | ကျား-၇၂၁ ဦး၊ မ-၈၅၂ ဦး = ၁၅၇၃ ဦး |
| ၂ | မိသားစုစုစုပေါင်း | = ၃၄၄ စု |
| ၃ | အိမ်ခြေစုစုပေါင်း | = ၃၃၉ |

| | | |
|---|---|---|
| ၁ | သက်ကြီးဦးဆောင်သော မိသားစုစုစုပေါင်း | ယာ-၁၇၈၊ကျ-၅၀၊ဈေး-၇+ဝန်ထမ်း-၃၈ = ၅၇ |
| ၂ | အမျိုးသမီးဦးဆောင်သောမိသားစုစုစုပေါင်း | ယာ-၂၄+ကျ-၂၇+ဈေး-၁၇ = ၆၈ |
| ၃ | မသန်စွမ်းဦးဆောင်သော မိသားစုစုစုပေါင်း | ယာ-၁၊ ကျ-၂ = ၃ |

| အသက်အပိုင်းအခြားအလိုက်လူဦးရေ | ကျား | မ | ပေါင်း |
|---|---|---|---|
| ၅-နှစ်အောက် | ၄၃ | ၄၃ | ၈၆ |
| ၅-နှစ်မှ ၁၈-နှစ်အောက် | ၁၂၅ | ၁၅၅ | ၂၈၀ |
| ၁၈-နှစ်မှ ၆၀-နှစ်အောက် | ၄၈၂ | ၅၅၁ | ၁၀၃၃ |
| ၆၀-နှစ်မှ အထက် | ၇၁ | ၁၀၃ | ၁၇၄ |
| စုစုပေါင်း | ၇၂၁ | ၈၅၂ | ၁၅၇၃ |

**အဓိကအသက်မွေးဝမ်းကြောင်းနှင့်ပတ်သက်သောပိုင်ဆိုင်မှုများ**

ဆိုင်ကယ် = ၁၃၂ စီး
ဖုန်း = ၁၀၉ လုံး
နွားလှည်း = ၄၀ စီး
ဟာလာစက် = ၆ လုံး
တီဗီ / ဗွီဒီယို = ၁၃၈ လုံး
စက်ဘီး = ၁၅၇ စီး
ဂြိုဟ်တုစလောင်း = ၂၀ ခု
ထန်းပင်အရေအတွက် = ၅၀ ပင်

| | | | |
|---|---|---|---|
| အပ်ချုပ်စက် | = | ၁၀ | လုံး |
| ရေစုပ်စက် | = | ၃ | လုံး |
| လက်တွန်းထွန်စက် | = | - | စီး |

**မွေးမြူရေးဆိုင်ရာ ပိုင်ဆိုင်မှုများ**

| | | | |
|---|---|---|---|
| ကြက် | = | ၁၂၂၄ | ကောင် |
| သိုး/ဆိတ် | = | ၃၂၀ | ကောင် |
| နွား(ခိုင်းနွား) | = | ၉၁ | ကောင် |
| နွား (မွေးနွား) | = | ၂၅၈ | ကောင် |

**ရွှေ့ပြောင်းလုပ်ကိုင်သူဦးရေ**

| | | | |
|---|---|---|---|
| ပြည်ပ | = | ၃ | ဦး |
| ပြည်တွင်း | = | ၁၅၀ | ဦး |

**စိုက်ပျိုးမြေပိုင်ဆိုင်မှုဧက**

| | | | |
|---|---|---|---|
| လယ်မြေ | = | - | ဧက |
| ယာမြေ | = | ၈၀ | ဧက |
| ဥယျာဉ်ခြံမြေ | = | - | ဧက |
| ပလပ်မြေ/ကျစ်မြေ | = | - | ဧက |
| ကိုင်းကျွန်းမြေ | = | ၂၀၂ | ဧက |

**ခြံဝန်းအတွင်းရှိ အရိပ်ရနှစ်ရှည်ပင်ကြီးများ**

| | | | |
|---|---|---|---|
| တမာပင် | = | ၇၀၀ | ပင် |
| မန်ကျည်းပင် | = | ၃၅၀ | ပင် |
| သရက်ပင် | = | ၅၀၀ | ပင် |
| မယ်ဇလီပင် | = | ၇၀ | ပင် |
| ကုက္ကိုပင် | = | ၅၀ | ပင် |
| လက်ပံပင် | = | ၂ | ပင် |

**သောက်ရေနှင့် စိုက်ပျိုးရေရရှိမှု**

| | | | |
|---|---|---|---|
| သောက်ရေကန် | = | ၁ | ကန် |
| ရွာပိုင်စက်ရေတွင်း | = | ၁ | တွင်း |
| မော်တာတွင်း | = | ၂၁၇ | တွင်း |

## အလုပ်အကိုင် / ပိုင်ဆိုင်မှုနှင့် ထိခိုက်လွယ်အုပ်စုအမျိုးအစားအရ မှတ်တမ်း

| စဉ် | အသက်မွေးဝမ်းကြောင်းလုပ်ငန်းအမည် | ဦးရေ |
|---|---|---|
| ၁ | နေ့စားလုပ်သား | ၅၃၉ ဦး |
| ၂ | လယ်သမားဦးရေ | - |
| ၃ | ကုန်း/ကျွန်းယာမြေပိုင်ဆိုင်သူ | ၃၀၀ ဦး |
| ၄ | ကုန်း/ကျွန်းယာမြေဒသမ ၂၀အောက်ပိုင်ဆိုင်သူ | ၂၀၀ ဦး |
| | ။ (၁) ကေအောက်ပိုင်ဆိုင်သူ | ၃၈ ဦး |
| | ။ (၂)ကေမှ(၂)ကေထိပိုင်ဆိုင်သူ | ၂၂ ဦး |
| | ။ (၃)ကေမှ(၃)ကေထိပိုင်ဆိုင်သူ | ၁၈ ဦး |
| | ။ (၄)ကေမှ(၅)ကေထိပိုင်ဆိုင်သူ | ၁၅ ဦး |
| | ။ (၅)ကေမှ(၁၀)ကေထိပိုင်ဆိုင်သူ | ၇ ဦး |

### ပညာရေးအခြေအနေ

- ဘွဲ့ရ = ၉၅ ဦး
- ဘွဲ့ကြို = ၃၈ ဦး
- အထက်တန်းပညာတက်ရောက်ဖူးသူ = ၅၃ ဦး
- အလယ်တန်းပညာတက်ရောက်ဖူးသူ = ၁၁၂ ဦး
- မူလတန်းပညာတက်ရောက်ဖူးသူ = ၅၅၆ ဦး
  - (၁) သက်ကြီးဆက်လက်မတက်သူ = - ဦး
  - (၂) သက်ငယ်ကျောင်းမတက်သူ = ၂ ဦး
  - (၃) သက်ငယ်တက်ရောက်ဆဲ = ၁၂၀ ဦး
  - (၄) ဘ/ကပညာရေးတက်ရောက်ဖူးသူ = ၈၀ ဦး

### ကျန်းမာရေး

- နာတာရှည်ရောဂါ = ၁၀ ဦး
- မသန်စွမ်း
  - (၁) ခြေတစ်ဖက် = ၂ ဦး
  - (၂) ခြေနှစ်ဖက် = -
  - (၃) ဆွံ့အ = ၅ ဦး
  - (၄) နားမကြား = ၂ ဦး
  - (၅) ဆီးချို-ကင်ဆာရောဂါ = ၃ ဦး

| | | |
|---|---|---|
| (၆) နှလုံးရောဂါ | = | ၁၀ ဦး |
| (၇) ငှက်ဖျားရောဂါ | = | - |
| (၈) အတက်ရောဂါ | = | - ၂ |

**ဝန်ဆောင်မှုနှင့်အစိုးရဝန်ထမ်းများ**

| | | |
|---|---|---|
| အရံသားဖွား | = | ၁ ဦး |
| ကျန်းမာရေးလုပ်သား | = | ၁ ဦး |
| ကျောင်းဆရာ/မ | = | ၁၆ ဦး |
| စက်ရုံလုပ်သား/ဝန်ထမ်း | = | ၃၈ ဦး |
| ရုံးဝန်ထမ်း | = | ၃ ဦး |
| အခြားဝန်ဆောင်မှုလုပ်ငန်းများ | | |
| ၁။ စက်ချုပ် | = | ၃ ဦး |
| ၂။ ဘီးဖာ(ကား၊ ဆိုင်ကယ်၊ စက်ဘီး) | = | ၃ ဦး |
| ၃။ ဆိုင်ကယ်ပြင် | = | ၂ ဦး |

**လမ်းပန်းဆက်သွယ်ရေး**

မြို့နယ်အကွာအဝေးမိုင် ကတ္တရာလမ်း = ၂၄ မိုင် ၄ ဖာလုံ

မြို့နယ်အကွာအဝေးမိုင် ရထားလမ်း = ၂၄ မိုင် ၄ ဖာလုံ

ကျေးရွာချင်းဆက်လမ်းများအခြေအနေ = ကွန်းရေမြုပ်ချိန်မကောင်း

**ပို့ဆောင်ရေးလုပ်ငန်း**

ယာဉ်အမျိုးအစားအလိုက်အစီးရေ

ကျောက်/သဲ ၂ ကျင်းကား - ၂ စီး ၊ သုံးဘီးဆိုင်ကယ် - ၁ စီး ၊

**လျှပ်စစ်ဓာတ်အားရရှိ/သုံးစွဲမှု**

ပင်မဓာတ်အားလိုင်း/ ပင်မဓာတ်အား

သုံးစွဲသူအိမ်ထောင်စု (၂၈၅)၊ အိမ်ထောင်စုဝင်ဦးရေ (၁၂၀၀) ဦး

**စိုက်ပျိုးစရိတ်ချေးငွေရရှိမှု (ကေနှင့်ချေးငွေမဟာဏ)**

| | |
|---|---|
| (က) လယ်ကေ | ချေးငွေတန်ဖိုး |
| (ခ) ယာသီးနှံများ(စိုက်/ပျိုးမြိုးရေးဘဏ်မှချေး) | ၁-ကေနှုန်း |
| ပဲမျိုးစုံ | ၂၀၀၀၀ ကျပ် |
| မြေပဲ | ၂၀၀၀၀ ကျပ် |
| အခြားသီးနှံ | ၂၀၀၀၀ ကျပ် |

**အဓိကထွက်ကုန်များ**

လယ်/ယာသီးနှံများ

| သီးနှံအမျိုးအစား | စိုက်ဧက | အထွက်(တင်း) | တန်ဖိုး(ကျပ်) |
|---|---|---|---|
| ပဲယင်း/ထောပတ်/ပဲနီလုံး | ၁ ဧက | ၃၀ တင်း | ၂၀၀၀၀ ကျပ် |
| နှမ်း | ၁ ဧက | ၅ တင်း | ၃၀၀၀၀ ကျပ် |
| မြေပဲ | ၁ ဧက | ၆၀ တင်း | ၈၅၀၀ ကျပ် |

**သီးနှံအလိုက် ၁-ဧက ကုန်ကျစရိတ်များ**

(ကျေးရွာအုပ်စုကိုယ်စားပြု)၊ သီးနှံအမျိုးအစား၊ မျိုးတန်ဖိုး ၊မြေဩဇာ ပိုးသတ်ဆေး ၊

အခြားငှားရမ်းခများအတွက် စုစုပေါင်းကုန်ကျငွေ = ၁၅၀၀၀၀ ကျပ်


**ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်ရန်လိုအပ်မှုအခြေအနေ**

လိုအပ်သောအချက်အလက်များ ရှာဖွေဖော်ထုတ်၍ ဦးစားပေးအဆင့်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်

ဇော်မျိုးထိုက်
ကွင်းဆင်းမြို့ဝှသူအမည်

ကျော်တိုး
တာဝန်ခံ

## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ပေါက်တောအုပ်စု၊ ပေါက်တောကျေးရွာ၏ လူနေမှုအရင်းအမြစ်ပြမြေပုံ




အိမ်ခြေ - ၃၃၉၊ အိမ်ထောင်စု-၃၄၄၊ လူဦးရေ- ၁၃၉၄

စေတီ - ၅ ဆူ၊ ဘုန်းကြီးကျောင်း-၄ ကျောင်း၊ စာသင်ကျောင်း - ၁ ကျောင်း

ပေါက်တောကျေးရွာ၏ လူမှုရေးအရင်းအမြစ်ပြမြေပုံ အစည်းအဝေးမှတ်တမ်း

| | | |
|---|---|---|
| အစည်းအဝေးကျင်းပသည့်နေရာ | - | ရွာဦးရှစ်မျက်နှာမြတ်စွာဘုရား |
| အစည်းအဝေးကျင်းပသည့်ရက်စွဲ | - | ၂၀၁၄ခုနှစ်၊ ၄ွန်လ (၂၈ )ရက် |
| အစည်းအဝေးစတင်ချိန် | - | နေ့လည် (၁၂)နာရီ |
| အစည်းအဝေးတက်ရောက်သူ | - | ၁၈၀ ဦး |
| ပြီးဆုံးချိန် | - | ညနေ (၃)နာရီ |

အကြောင်းအရာ ။ ။ ပေါက်တောကျေးရွာ၏ လူနေမှု ၊ ပစ္စည်းပိုင်ဆိုင်မှု ၊ ဖွံ့ဖြိုးတိုးတက်မှု၊ ရှေ့ဆက်လုပ်ဆောင်ရန် လိုအပ်သောအချက် ၊ လူမှုရေးအရင်းအမြစ်မြေပုံရေးဆွဲရခြင်း၏ ရည်ရွယ်ချက်များကို ဦးကျော်တိုးမှ ရှင်းလင်းပြောကြားပါသည် ။ ဦးညွန့်အောင်မှ မြေပုံကြမ်းရေးဆွဲပြီး ဦးဇော်မျိုးထိုက်မှ လူနေမှုပိုင်ဆိုင်ပစ္စည်းများ ထပ်မံဖြည့်သွင်းပါသည်။

လူဦးရေ (၁၈၀) ဦး တက်ရောက်ပါသည်။

| | |
|---|---|
| ဦးကျော်တိုး | ဦးဇော်မျိုးထိုက် |
| ရပ်မိရပ်ဖ/ခေါင်းဆောင် | မှတ်တမ်းရေးသူ |

## အစီရင်ခံစာ

| | | |
|---|---|---|
| ကျေးရွာအမည် | – | ပေါက်တော |
| ကျေးရွာအုပ်စုအမည် | – | ပေါက်တောကျေးရွာအုပ်စု |
| ကျေးလက်ကျန်းမာရေး | – | ဆိက္ခဝဇ္ဈာကျေးလက်ကျန်းမာရေးဌာနလက်အောက် |
| အိမ်ထောင်စု | – | ၃၄၄ |
| အိမ်ခြေ | – | ၃၃၉ |
| လူဦးရေ | – | ကျား–၇၂၁ ၊ မ–၈၅၂ ၊ စုစုပေါင်း– ၁၅၇၃ |
| အဓိကအသက်မွေးဝမ်းကြောင်း | – | စိုက်ပျိုးရေး ၊ တောင်သူ |

ပေါက်တောကျေးရွာသည် စိုက်ပျိုးမြေဧက ၂၈၂ ခန့်ရှိပါသည်။ တစ်နှစ်တစ်ရာသီ မြေနုမြေယာစိုက်ပျိုးခြင်း ဖြစ်ပါသည်။ အိမ်ထောင်စုဝင်များအား နှစ်စဉ်တစ်အိမ်ထောင်လျှင် ၀.၁၆ ဧက မျှဝေပေးပါသည်။ စိုက်ပျိုးမြေ ဧကနှင့် စားဝတ်နေရေးလုံလောက်မှုမရှိပါ။ လက်လုပ်လက်စားများစွာရှိပါသည်။ လက်သမား ၊ ပန်းရံစသည့် နေ့စားလုပ်သားများစွာရှိပါသည်။

အစိုးရဝန်ထမ်း ၄၂ ဦးရှိပါသည်။ ဆရာဝန်ထမ်း ၁၆ ဦး၊ စက်ရုံဝန်ထမ်း ၃၈ ဦးရှိပါသည်၊ ကုမ္ပဏီဝန်ထမ်း ၁၅ ဦးရှိပါသည်။ ဘွဲ့ရအလုပ်လက်မဲ့များလည်းရှိပါသည်။ ဆိတ်မွေးသူ (၉) ဦးရှိပါသည်။ စိုက်ပျိုးရေးလုပ်ကိုင်သူ ၃၀၀ ဦးရှိပါသည်။

ဆေးခန်းမရှိ၍ ကျန်းမာရေးတွင် မလိုလားအပ်သော ဆုံးရှုံးမှုများစွာရှိပါသည်။ ပေါက်တောကျေးရွာသည် ဆိက္ခဝကျန်းမာရေး ဌာနနှင့် ၆ မိုင်ခန့်ကွာဝေးခြင်း ၊ ကျွန်းချောင်းဆေးခန်းနှင့် ၂မိုင်ခန့်ကွာဝေးပါသဖြင့် အရေးပေါ်လူနာများအား ပို့ဆောင်ရေးအဆင်မပြေပါ။ အရေးပေါ်လူနာများရှိပါက မိမိကျေးရွာတွင် ဆေးခန်းရှိလျှင်လူနာများ၏ကျန်းမာရေးအထူးအဆင်ပြေမည်ဟု ယူဆပါသည်။ ကျွန်းချောင်းဆေးရုံသည်လည်း စက်ရုံဝန်ထမ်းများသာ အလေးထားပြုစုကုသပေးပါ သဖြင့် ကျေးရွာများရှိလုပ်သားပြည်သူများနှင့် အဆင်မပြေပါ။ သို့ပါ၍ ကျန်းမာရေးဆေးခန်းတစ်ခန်းလိုအပ် ပါသည်။

ပေါက်တောကျေးရွာတွင် ကျန်းမာရေးဖွံ့ဖြိုးမှု အသိပညာပေးအဖွဲ့ရှိပါသည်။ အရေးပေါ်လူနာပို့ဆောင်ရေးအဖွဲ့ရှိသည်။ အရေးပေါ်ရံပုံငွေလည်းရှိပါသည်။ ကျေးရွာထွက်သယံဇာတ ကျောက်သဲများ အလွယ်တကူရရှိပါသည်။ ပေါက်တောကျေးရွာတွင် လျှပ်စစ်မီးရရှိပြီး အရံသားဖွားဆရာမ မရှိခြင်း၊ ဆေးခန်းမရှိခြင်းတို့ကြောင့် မီးဖွားဖြင်း ၊ ကာကွယ်ဆေးထိုးခြင်း ၊ ပိုးမွှားအန္တရာယ်များတွေ့ကြုံရခြင်း ၊ အရေးပေါ်လူနာများအတွက် အခက်အခဲဖြစ်ရခြင်းတို့ကြောင့် ဆေးခန်းအဆောက်အဦ(၁)ခု လိုချင်ပါသည်။

အစီရင်ခံတင်ပြသူ

ဇော်မျိုးထိုက်

CamScanner

## ပေါက်တောအုပ်စု၊ ပေါက်တောကျေးရွာ၏ ရာသီခွင်ပြဇယား (Seasonal Cleandar)

| | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ပွဲတော်ကာလ | 🎉 | 🛕 | | 🛕 | | 🛕 | 🛕 | | | | | 🛕 | |
| စိုက်ပျိုးချိန် | | | 🐂 | 🐂 | | 🐂 | 🐂 | 🐂 | | | | | |
| ရိတ်သိမ်းချိန် | 🌽🌽🌽 | | | | | | | | | | 🌽🌽 | 🌽🌽 | |
| ငွေသုံးသုံးစွဲရသောလ | ☆ | | | ☆☆ | | | ☆☆☆ | | | ☆ | ☆☆ | ☆☆ | |
| ဝင်ငွေအနည်းဆုံးလ | | * | * | ** | *** | | | | | | | | |
| ဝင်ငွေများသောလ | $$$ | | | | | | | | | | $ | $$ | |
| ရောဂါဖြစ်ကာလ | | | + | | | + | | | | | | | |
| ထင်းရရှိမှု | | | | 🔥 | 🔥 | | | | | | | | |
| လမ်းပန်းဆက်သွယ်ညံ့ | | | 🚐 | 🚐 | | | | | | | | | |
| အပူဆုံးလ | ☀ | ☀☀ | | ☀ | ☀ | ☀☀☀ | | | | | | | |
| မိုးအများဆုံးလ | | 🌧 | 🌧🌧 | 🌧🌧 | | 🌧🌧 | 🌧🌧🌧 | | | | | | |
| ရွှေ့ပြောင်းလုပ်ကိုင်လ | | 🚶🚶🚶 | 🚶🚶 | 🚶 | 🚶 | | | | | | | | |
| အလုပ်အကိုင်နည်းလ | | X X | X X | X X X | X | | | | | | | | |

တင်ပြခဲ့ရန်

# မကွေးတိုင်းဒေသကြီး ၊ ပခုက္ကူမြို့နယ် ၊ ပေါက်တောကျေးရွာ၏ ရာသီခွင်ပြဇယားရေးဆွဲခြင်း

အစည်းအဝေးကျင်းပသည့်နေရာ - ရွာဦးရှစ်မျက်နှာမြတ်စွာဘုရား

အစည်းအဝေးကျင်းပသည့်ရက်စွဲ - ၂၀၁၄ခုနှစ်၊ ဇွန်လ (၂၈ )ရက်

အစည်းအဝေးစတင်ချိန် - နေ့လည် (၁၂)နာရီ

အစည်းအဝေးတက်ရောက်သူ - ၁၈၀ ဦး

ပြီးဆုံးချိန် - ညနေ (၃)နာရီ

အကြောင်းအရာ။ ။ ပေါက်တောကျေးရွာသည် စိုက်ပျိုးမွေးမြူရေးနှင့် လက်သမား၊ ပန်းရံများစွာရှိပါသည်။လက်လုပ်လက်စားမိသားစုများစွာလည်းရှိပါသည်။ ရာသီခွင်ပြဇယားတွင် ရေးဆွဲရခြင်းအကြောင်းကို ဒေါ်ရင်မိုးခိုင်မှ ရှင်းပြပါသည်။ ကျေးရွာအတွင်းရှိ လုပ်သားမိသားစုများ၏ နေထိုင် လုပ်ကိုင်ရမှုအခြေအနေများကို လစဉ်အလိုက် ထည့်သွင်းပြရသည့် အကြောင်းများကို ဦးညွန့်အောင်မှ ပြောပြပါသည်။

အလုပ်အကိုင်ရှားပါးသောလများတွင် အလုပ်အကိုင်ရှိရာနေရာများသို့ ပြောင်းရွှေ့လုပ်ကိုင်ခြင်းကိုပါ ထည့်သွင်းရန် ဦးကျော်တိုးမှ ပြောပါသည်။

မှတ်တမ်းတင်သူ

ဇော်မျိုးထိုက်

# အစီရင်ခံစာ

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ပေါက်တောအုပ်စု၊ ပေါက်တောကျေးရွာတွင် ကျေးရွာရှိလုပ်သားပြည်သူများ၏ လစဉ်အလိုက် နေထိုင်လုပ်ကိုင်ရမှုများကို ရှင်းလင်းပြောပြပါသည်။

မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်များဖြစ်သောကြောင့် ဘုရားပွဲတော်လများသည် တန်ခူး ၊ ကဆုန်၊ဝါဆို၊ တော်သလင်း၊ သီတင်းကျွတ်၊ တပေါင်း၊ လများဖြစ်ပါသည်။ တန်ခူးလတွင် သင်္ကြန်ပွဲတော်ကျင်းပပါသည်။ ကဆုန်လတွင် ညောင်ရေသွန်းပွဲတော် ကျင်းပပါသည်။ ဝါဆိုလတွင် ရွှေနန္ဒာဘုရားပွဲ၊ တော်သလင်းလတွင် ရှင်မာလိုက်ဘုရားပွဲ၊ သီတင်းကျွတ်လတွင် ရွှေနန္ဒာဘုရားပွဲ၊ တပေါင်းလတွင် အပါတင်ပွဲတော်ပြုလုပ်ပါသည်။

စိုက်ပျိုးချိန်မှာ နယုန်၊ ဝါဆို၊ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်လများဖြစ်ပါသည်။ တစ်နှစ်တစ်ရာသီ စိုက်ပျိုးရသော ကျွန်းမြေတွင် မြေအနေအထားအလိုက် ပဲများစိုက်ပျိုးပါသည်။ ကုန်းမြေတွင် မြေပဲ၊ ဝါ၊ ပဲတီစိမ်း၊ ပဲစဉ်းငုံများ စိုက်ပျိုးပါသည်။

ရိတ်သိမ်းချိန်များမှာ တပို့တွဲ ၊ တပေါင်း ၊ တန်ခူးလများဖြစ်ပါသည်။ ဝင်ငွေများသော လများမှာ တန်ခူး၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ တပို့တွဲ၊ တပေါင်းလများ ဖြစ်ပါသည်။ ဝင်ငွေအနည်းဆုံးလမှာ ကဆုန်၊ နယုန်၊ ဝါဆို၊ ဝါခေါင်လများဖြစ်ပါသည်။

ရောဂါဖြစ်ပွားသောလမှာ နယုန်လနှင့် တော်သလင်းလတို့ဖြစ်ပါသည်။ ထင်းရရှိမှုမှာ ဝါဆို၊ ဝါခေါင်တွင် ရေဝတီမြစ်ကြောင်းမှ အများဆုံးရရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးညံ့သောလမှာ ဝါဆိုလနှင့် တော်သလင်း၊ သီတင်းကျွတ်လများဖြစ်ပါသည်။ အပူဆုံးလမှာ တန်ခူး၊ ကဆုန်၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်းလများဖြစ်ပါသည်။


ရွှေ့ပြောင်းလုပ်ကိုင်သောလများမှာ ကဆုန်၊ နယုန်၊ ဝါဆို၊ ဝါခေါင်လများဖြစ်ပါသည်။ အလုပ် အကိုင် အများဆုံးလများမှာ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ တပို့တွဲ၊ တပေါင်းလများဖြစ်ပါသည်။

အစီရင်ခံတင်ပြသူ

ဇော်မျိုးထိုက်

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၊ ပေါက်တောအုပ်စု၊ ပေါက်တောကျေးရွာ၏
ပြဿနာသစ်ပင်

နေ့စွဲ၊ ၂၈.၆.၂၀၁၄



**မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ပေါက်တောအုပ်စု၊ ပေါက်တောကျေးရွာ၏**

**စားဝတ်နေရေးပြဿနာသစ်ပင်ရေးဆွဲခြင်း**

အစည်းအဝေးကျင်းပသည့်နေရာ - ရွာဦးရှစ်မျက်နှာမြတ်စွာဘုရား

အစည်းအဝေးကျင်းပသည့်ရက်စွဲ - ၂၀၁၄ခုနှစ်၊ ဇွန်လ (၂၈ )ရက်

အစည်းအဝေးစတင်ချိန် - နေ့လည် (၁၂)နာရီ

အစည်းအဝေးတက်ရောက်သူ - ၁၈၀ ဦး

ပြီးဆုံးချိန် - ညနေ (၃)နာရီ

အကြောင်းအရာ။ ။ ပေါက်တောကျေးရွာသည် ပိုင်ဆိုင်မှုအရင်းအမြစ်နည်းပါးပြီး လက်လုပ်လက်စားများအလုပ်လက်မဲ့များပြားသဖြင့် စားဝတ်နေရေးအခက်အခဲများ တွေ့ကြုံရပါသည်။ အခက်အခဲအကြောင်းအရာများကို သစ်ပင်တစ်ပင်၏နမူနာဖြင့် ရေးဆွဲရခြင်းကို ဒေါ်ကြူကြူညင်းမှ ပြောပြပါသည်။

မိမိတို့ကျေးရွာတွင် စိုက်ပျိုးနိုင်သော ကုန်းမြေများကို ကျွန်းချောင်းဓာတ်မြေသြဇာစက်ရုံမှ ကေ( )၊ ကျွန်းချောင်းလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ကေ( )၊ ဓာတ်ငွေ့ရည်စက်ရုံမှ ကေ ( )၊ ရထားလမ်းမှ ကေ( )အသုံးပြုရန် သိမ်းဆည်းထားပါသည်။ သို့အတွက်ကြောင့် ယခင်၎င်းမြေယာများကို လုပ်ကိုင်စားသောက်ခဲ့ကြသော တောင်သူများမှာ မြေယာမဲ့များဖြစ်၍ စီးပွားရေးအဆင်မပြေကြပါ။ တောင်သူများ မြေယာနည်းပါးမှုကြောင့် ကူလီအလုပ်သမားများလည်း အလုပ်အကိုင်ရှားပါးကြရပါသည်။ ၎င်းသိမ်းဆည်းထားသောမြေများမှာလည်း အကုန်အသုံးပြုခြင်းမဟုတ်ဘဲ ပိုလျှံမြေများကို သီးစားချထားခြင်းများရှိနေပါသည်။ သို့အတွက်ကြောင့် သိမ်းဆည်းခံတောင်သူများနှင့် ကူလီအလုပ်သမားများ စားဝတ်နေရေး အဆင်ပြေမှုရှိစေရန်အတွက် ပြန်လည်ရယူလိုကြကြောင်း ဆွေးနွေးပြောကြားကြပါသည်။

ယခင် ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီစဉ်ဖွဲ့စည်းစဉ်ကလည်း ကျေးရွာ၏အဓိကလိုအပ်ချက် သုံးချက်တင်ပြနိုင်းရာတွင်လည်း ထည့်သွင်းဖော်ပြပြီးဖြစ်ကြောင်း ဦးဇော်မျိုးထိုက်မှ ပြောကြားပါသည်။ ဦးသာအေး၊ ဦးမင်းဇော်သန်းနှင့် ဦးမြင့်အောင်တို့မှလည်း ၎င်းကိစ္စကို ဆောင်ရွက်လျက်ရှိကြောင်း ပြောပြပါသည်။

မှတ်တမ်းတင်သူ

ဇော်မျိုးထိုက်

CS CamScanner

## အစီရင်ခံစာ

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ပေါက်တောအုပ်စု၊ ပေါက်တောကျေးရွာတွင် စားဝတ်နေရေး အဆင်မပြေမှုများကို သစ်ပင်တစ်ပင်၏အခြေအမြစ် အကိုင်းအခက်များ၏နမူနာပုံစံဖြင့် ရှင်းပြပါသည်။

စားဝတ်နေရေးအဆင်မပြေခြင်း ပြဿနာသစ်ပင်၏ အမြစ်နေရာတွင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ကျေးရွာတွင်းသယံဇာတများ အရင်းအမြစ်များနည်းပါးခြင်း၊ နည်းပညာဗဟုသုတနည်းပါးခြင်း၊ ကူညီပံ့ပိုးမှုလိုအပ်ခြင်း၊ ငွေကြေးအရင်းအနှီးမရှိခြင်း၊ မြေယာပိုင်ဆိုင်မှုနည်းပါးခြင်း၊ ယုံကြည်မှုကင်းမဲ့ခြင်းတို့ဖြင့် အမြစ်တွယ်ခဲ့ပါက စားဝတ်နေရေးအဆင်မပြေမှုပြဿနာသစ်ပင်သည် ငွေကြေးချို့တဲ့ခြင်း၊ ပညာတတ်နည်းပါးခြင်း၊ စိတ်ဆင်းရဲဒုက္ခခံစားရခြင်း၊ အကျင့်စာရိတ္တပျက်ပြားခြင်း၊ မိသားစုပြဿနာများဖြစ်နိုင်ခြင်း၊ ကျန်းမာရေးချို့တဲ့ခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်ပြီး မမျှော်လင့်သောဆိုးကျိုးများခံစားရခြင်း၊ ကူးစက်ရောဂါပြန့်ပွားမှုစိုးရိမ်ရခြင်း၊ စသောအကိုင်းအခက်များပေါ်ပေါက်လာမည်။


စားဝတ်နေရေးပြဿနာ ၊ ငွေကြေးချို့တဲ့မှု၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှုစသောအကိုင်းအခက်များမှ ဆင်းရဲနွမ်းပါးမှု အသီးများသီးပါမည်။ ဆင်းရဲသောကြောင့် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးများ အကျင့်စာရိတ္တပျက်ပြားခြင်းစသည့် ထိခိုက်သောအပင်များ ထပ်ပွားလာပါမည်။

ထို့ကြောင့် ၎င်းပြဿနာပြေလည်လျော့ချနိုင်ရေးအတွက် ပေါက်တောရွာတွင် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးပြီး စားဝတ်နေရေးအဆင်မပြေချို့တဲ့နေသော တောင်သူ၊ ကူလီအိမ်ထောင်စုများအတွက် သိမ်းဆည်းပြီးအသုံးမပြုဘဲကျန်ရှိသောမြေများကို ပြန်လည်ရရှိမှသာ စားဝတ်နေရေး အဆင်မပြေမှုပြဿနာသစ်ပင်၏ အကိုင်းအခက်များမှ ဆင်းရဲနွမ်းပါးမှု၊ ပညာရေး၊ ကျန်းမာရေးချို့တဲ့မှု၊ စာရိတ္တပျက်ပြားမှုစသော မမျှော်လင့်သောဆိုးကျိုးများနှင့် အသက်အန္တရာယ်ကျရောက်မှု အသီးများထပ်မံမသီးမှာဖြစ်၍ သိမ်းဆည်းမြေယာများမှ ပိုလျှံမြေများကို ယခင်ပိုင်ဆိုင်သူ တောင်သူများအားပြန်လည်ရရှိစေချင်သည့်အကြောင်းကို ဤသစ်ပင်၏နမူနာဖြင့် တင်စားအသုံးပြုခြင်းသည် လူတိုင်းသိနားလည်နိုင်စေပါသည်။ ထို့ကြောင့် ကျေးရွာတွင် ပိုလျှံမြေများ ပြန်လည်ရရှိရန်အတွက် ကူညီဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

အစီရင်ခံတင်ပြသူ

ဇော်မျိုးထိုက်

## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ပေါက်တောအုပ်စု၊ ပေါက်တောကျေးရွာ သိမ်းဆည်းခံမြေမှ အသုံးမပြုဘဲကျန်ရှိသည့်မြေများ ပြန်လည်ရရှိရန် ပြဿနာဖြေရှင်းခြင်းနည်းလမ်း



# မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ပေါက်တောအုပ်စု၊ ပေါက်တောကျေးရွာ၏ သိမ်းဆည်းပိုလျှံမြေများပြန်လည်ရရှိရန် ပြဿနာဖြေရှင်းနည်းလမ်း

ထပ်ဖြည့်

အစည်းအဝေးကျင်းပသည့်နေရာ - ရှာဦးရှစ်မျက်နှာမြတ်စွာဘုရား

အစည်းအဝေးကျင်းပသည့်ရက်စွဲ - ၂၀၁၄ခုနှစ်၊ ဇွန်လ (၂၈ )ရက်

အစည်းအဝေးစတင်ချိန် - နေ့လည် (၁၂)နာရီ

အစည်းအဝေးတက်ရောက်သူ - ၁၈၀ ဦး

ပြီးဆုံးချိန် - ညနေ (၃)နာရီ


အကြောင်းအရာ။ ။ **ပေါက်တောကျေးရွာ၏ သိမ်းဆည်းပိုလျှံမြေပြန်လည်ရရှိရန်**

ပေါက်တောကျေးရွာ၏ သိမ်းဆည်းပိုလျှံမြေပြန်လည်ရရှိရန် ပြဿနာ၏ အခြေခံများမှာ ဦးဆောင်ဦးရွက်ပြုနိုင်အောင် နားလည်တတ်ကျွမ်းသော ခေါင်းဆောင်မရှိခြင်း၊ ၊ တောင်သူများ စည်းလုံးညီညွတ်မှုမရှိခြင်း၊ သိမ်းဆည်းထားသော ဝန်ကြီးဌာနများမှ ပြန်လည်မပေးလိုခြင်း တို့ဖြစ်ကြောင်းဝိုင်းဝန်းအဖြေရှာ၍ ရပါသည်။

မှတ်တမ်းတင်သူ

ဇော်မျိုးထိုက်

## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ပေါက်တောကျေးရွာအုပ်စု ‘‘ပေါက်တောကျေးရွာ၏ အဖွဲ့အစည်းများ ဆက်စပ်မှုပြမြေပုံ’’



# မကွေးတိုင်းဒေသကြီး ၊ ပခုက္ကူမြို့နယ် ၊ ပေါက်တောကျေးရွာ၏
# အဖွဲ့အစည်းများဆက်စပ်မှုပြမြေပုံ ရေးဆွဲခြင်း
# အစည်းအဝေးမှတ်တမ်း

| | | |
|---|---|---|
| အစည်းအဝေးကျင်းပသည့်နေရာ | – | ရွာဦးရှစ်မျက်နှာမြတ်စွာဘုရား |
| အစည်းအဝေးကျင်းပသည့်ရက်စွဲ | – | ၂၀၁၄ခုနှစ်၊ ဇွန်လ (၂၈ )ရက် |
| အစည်းအဝေးစတင်ချိန် | – | နေ့လည် (၁၂)နာရီ |
| အစည်းအဝေးတက်ရောက်သူ | – | ၁၈၀ ဦး |
| ပြီးဆုံးချိန် | – | ညနေ (၃)နာရီ |

အကြောင်းအရာ ။ ။ ပေါက်တောကျေးရွာ၏ အဖွဲ့အစည်းများဆက်စပ်မှုပြမြေပုံရေးဆွဲရခြင်း၏ ရည်ရွယ်ချက်များကို ဦးကျော်တိုးမှ ရှင်းလင်းပြောကြားပါသည် ။ ဦးညွန့်အောင်မှ မြေပုံကြမ်းရေးဆွဲပြီး အဖွဲ့အစည်းအဆင့်ဆင့် ဆက်စပ်ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပါသည်။

လူဦးရေ (၁၈၀) ဦးခန့် တက်ရောက်ပါသည်။

မှတ်တမ်းတင်သူ

ဇော်မျိုးထိုက်


## မကွေးတိုင်းဒေသကြီး ၊ ပခုက္ကူမြို့နယ် ၊ ပေါက်တောကျေးရွာ၏ အဖွဲ့အစည်းများဆက်စပ်မှုပြမြေပုံ ရေးဆွဲခြင်းအစီရင်ခံစာ

| | | |
|---|---|---|
| ကျေးရွာအမည် | - | ပေါက်တော |
| ကျေးရွာအုပ်စုအမည် | - | ပေါက်တောကျေးရွာအုပ်စု |
| ကျေးလက်ကျန်းမာရေး | - | ဆိက္ခဝကျေးလက်ကျန်းမာရေးဌာနလက်အောက် |
| အိမ်ထောင်စု | - | ၃၄၄ |
| အိမ်ခြေ | - | ၃၃၉ |
| လူဦးရေ | - | ကျား-၅၁၀ ၊ မ-၈၅၂ ၊ စုစုပေါင်း-၁၅၅၃ |
| အဓိကအသက်မွေးဝမ်းကြောင်း | - | စိုက်ပျိုးရေး ၊ တောင်သူ |

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ပေါက်တောအုပ်စု၊ ပေါက်တောကျေးရွာသည် ကန်ကြီးစုကျေးရွာနှင့် မြို့စိုးကျေးရွာတို့အကြားတွင် ဆက်စပ်တည်ရှိပြီး ကျေးရွာလူမှုကူညီရေးအသင်းအဖွဲ့၊ ကာလသား အဖွဲ့၊ မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာအဖွဲ့များ၊ မီးသတ်အဖွဲ့များဖွဲ့စည်း တည်ထောင်ထားပြီး ကျေးရွာ၏ ဖွံ့ဖြိုးရေးနှင့် သာမှုနာမှုကိစ္စများကို ကျေးရွာဖွံ့ထောက်အဖွဲ့နှင့် ဆက်စပ်ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ အခြား NGOအဖွဲ့များဖြစ်သော AMDA, Save The Children, ပက်မြန်မာ Action Aid အဖွဲ့များ ဝင်ရောက်သည့်အခါတွင်လည်း အထက်ပါအဖွဲ့များမှ စိတ်ပါလက်ပါပူးပေါင်းဆက်စပ်ကူညီဆောင်ရွက်ခဲ့ကြပါသည်။

မရင်မိုးခိုင်
အစီရင်ခံတင်ပြသူ

## မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၊ ဝေါက်တောအုပ်စု၊ ဝေါက်တောကျေးရွာ၏ ဝန်ဆောင်မှုနှင့် အခွင့်အလမ်းများ



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ပေါက်တောအုပ်စု၊ ပေါက်တောကျေးရွာ၏
ဝန်ဆောင်မှုနှင့်အခွင့်အလမ်းများ
အစည်းအဝေးမှတ်တမ်း

အစည်းအဝေးကျင်းပသည့်နေရာ - ရွာဦးရှစ်မျက်နှာမြတ်စွာဘုရား

အစည်းအဝေးကျင်းပသည့်ရက်စွဲ - ၂၀၁၄ခုနှစ်၊ ဇွန်လ (၂၈ )ရက်

အစည်းအဝေးစတင်ချိန် - နေ့လည် (၁၂)နာရီ

အစည်းအဝေးတက်ရောက်သူ - ၁၈၀ ဦး


ပြီးဆုံးချိန် - ညနေ (၃)နာရီ

အကြောင်းအရာ။ ။ ပေါက်တောကျေးရွာ၏ ဝန်ဆောင်မှုနှင့်အခွင့်အလမ်းများမြေပုံရေးဆွဲ ရခြင်း အကြောင်းကို ဦးညွန့်အောင်မှ ရှင်းပြပါသည်။ မြေပုံများရေးဆွဲခြင်းသည် ကျေးရွာ အတွင်းရှိအားနည်းချက်၊ အားသာချက်များကို လူထုပူးပေါင်းပြီး လေ့လာသုံးသပ်အကဲခတ် ခြင်း ဖြစ်ကြောင်း ယနေ့ရေး ဆွဲသော ပုံသည် ပေါက်တော ကျေးရွာနှင့် အခြားမြို့ရွာများ အပြန်အလှန် ဝန်ဆောင်မှုများ၊ အခွင့်အရေး အခွင့်အလမ်းများအား ပူးပေါင်းဖော် ထုတ်မည်ဖြစ်ကြောင်း ပြောပြပါမည်။ ဦးဇော်မျိုးထိုက်၊ ဦးကျော်တိုး၊ မရင်မိုးခိုင်၊ မကြူကြူသင်း တို့ဦးဆောင်၍ အစည်းအဝေးတက်ရောက်လာသူအားလုံးနှင့် တိုင်ပင်ဆွေးနွေး၍ပြီး ဤမြေပုံကို ရေးဆွဲကြပါသည်။

မှတ်တမ်းတင်သူ
ဦးဇော်မျိုးထိုက်

CamScanner

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ပေါက်တောအုပ်စု၊ ပေါက်တောကျေးရွာ၏ အနာဂတ်မျှော်မှန်းချက်မြေပုံ



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ပေါက်တောအုပ်စု၊ ပေါက်တောကျေးရွာ၏
အနာဂတ်မြေပုံရေးဆွဲခြင်း

| | | |
|---|---|---|
| အစည်းအဝေးကျင်းပသည့်နေရာ | - | ရွာဦးရှစ်မျက်နှာမြတ်စွာဘုရား |
| အစည်းအဝေးကျင်းပသည့်ရက်စွဲ | - | ၂၀၁၄ခုနှစ်၊ ဇွန်လ (၂၈ )ရက် |
| အစည်းအဝေးစတင်ချိန် | - | နေ့လည် (၁၂)နာရီ |
| အစည်းအဝေးတက်ရောက်သူ | - | ၁၀၀ ဦး |
| ပြီးဆုံးချိန် | - | ညနေ (၃)နာရီ |

အကြောင်းအရာ။ ။ **ပေါက်တောကျေးရွာ၏ အနာဂတ်မြေပုံရေးဆွဲခြင်း**

ပေါက်တောကျေးရွာ၏ အနာဂတ်မြေပုံရေးဆွဲရာတွင် ဦးကျော်တိုးမှ အစီအစဉ်မှူးအဖြစ်ဆောင်ရွက်ပြီး မြေပုံရေးဆွဲရခြင်းအကြောင်းအရင်းကို တင်ပြပါသည်။ ဦးမြသန်းမှ မြေပုံကြမ်းကိုရေးဆွဲပြီး ဦးညွှန့်အောင်မှ မြေပုံတွင်ပါရှိစေချင်သည့် အဆောက်အဦးများကို ထည့်သွင်းပါသည်။

တစ်ရွာလုံးနှင့်သက်ဆိုင်သဖြင့် ဆွေးနွေးအကြံပေးကြရန် ဦးအောင်မြင့်မှ ပြောပါသည်။ မြေပုံတွင် ကျေးရွာအရံမီးသတ်တပ်ဖွဲ့ကင်းတဲနှင့် မီးသတ်ရေကန်စင်၊ ဆေးပေးခန်း၊ စာကြည့်တိုက်၊ ကျောင်းတို့ ပြည့်စုံစွာပါရှိရန် ပြောကြားကြပါသည်။

မှတ်တမ်းပြုသူ

ဇော်မျိုးထိုက်

CamScanner

# အစီရင်ခံစာ

ကျေးရွာအမည် - ပေါက်တော

ကျေးရွာအုပ်စုအမည် - ပေါက်တောကျေးရွာအုပ်စု

ကျေးလက်ကျန်းမာရေး - ဆိတ္တဝကျေးလက်ကျန်းမာရေးဌာနလက်အောက်

အိမ်ထောင်စု - ၃၄၄

အိမ်ခြေ - ၃၃၉

လူဦးရေ - ကျား-၅၂၀ ၊ မ-၈၅၂ ၊ စုစုပေါင်း- ၁၅၇၃

အဓိကအသက်မွေးဝမ်းကြောင်း - စိုက်ပျိုးရေး ၊ တောင်သူ

ပေါက်တောကျေးရွာသည် နှစ်စဉ်စိုက်ပျိုးမြေဧက အိမ်ထောင်စုတစ်စုလျှင် ၀.၁၆ဧကသာရှိပါသည်။ စိုက်ပျိုးမြေဧကနှင့် စားဝတ်နေရေးလုံလောက်မှုမရှိပါ။ လက်လုပ်လက်စား များစွာရှိပါသည်။ စက်ရုံဝန်ထမ်း ၃၀ ဦးရှိပါသည်။ မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် ရေလှောင်ကန် မရှိပါ။ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးပေးခန်းတစ်ခုလိုအပ်နေပါသည်။ အကယ်၍ ဆေးခန်းတစ်ခန်းတည်ဆောက်နိုင်ပါက ကျေးရွာမှ လုပ်သားပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု အလွယ်တကူရရှိပါမည်။ မီးဖွားခြင်းနှင့် ပိုးမွှားအန္တရာယ်ကြုံတွေ့ပါက လွယ်ကူစွာပြုစုကုသနိုင်ပါမည်။

ပေါက်တောအုပ်စုသည် ဆေးခန်းမရှိပါ။ ဆိတ္တဝကျန်းမာရေးဌာနနှင့် ညောင်လှကျန်းမာရေးဌာနများသို့ သွားရောက်အားကိုးနေရပါသည်။ သို့ဖြစ်ပါ၍ အခြားရွာများနှင့်ပါနီးစပ်ပြီး ရေမီးပြည့်စုံနေသော ပေါက်တောကျေးရွာတွင် ဆေးပေးခန်းတစ်ခုလိုအပ်ပါသည်။ကျေးရွာပိုမိုဖွံ့ဖြိုးရေးအတွက် စုရပ်ဆောင်(သို့) ဖွံ့ဖြိုးရေးဆောင်များရှိပါကလည်း ပိုမိုပြည့်စုံနိုင်ပါသည်။

ကျေးရွာ၏အနာဂတ်မြေပုံမှ ဖော်ပြနေသော အဆောက်အဦများသည် အမှန်တကယ်ဖြစ်ချင်သောစိတ်ဆန္ဒဖြင့် ရေးဆွဲထားခြင်းဖြစ်ပါသည်။ အမှန်လိုအပ်သည်မှာလည်း ကျေးရွာတွင် စိုက်ပျိုးရန် မြေနေရာနည်းပါးခြင်း၊ လက်လုပ်လက်စားပေါများခြင်းကြောင့် သိမ်းဆည်းပိုလျှံမြေများကို ယခင်စိုက်ပျိုးလုပ်ကိုင်စားသောက်ခဲ့သော တောင်သူများအား ပြန်လည်၍ပေးစေလိုပါသည်။

အစီရင်ခံတင်ပြသူ

ဇော်မျိုးထိုက်

## မကွေးတိုင်းဒေသကြီး ၊ ပခုက္ကူမြို့နယ်၊ ပေါက်တောကျေးရွာအုပ်စု၊ ပေါက်တောကျေးရွာ၏ ထူးခြားဖြစ်စဉ်ဇယား

| စဉ် | ခုနှစ် | အကြောင်းအရာ |
|---|---|---|
| ၁ | ၁၃၀၉ | ကျောက်ရောဂါကြောင့် ကလေးလူကြီး(၇၀)ဦးအသက်ဆုံးရှုံခဲ့ရပါသည်။ |
| ၂ | ၁၃၂၉ | အမှတ်(၇၉)အခြေခံပညာမူလတန်းကျောင်း စတင်ဖွင့်လှစ်ခဲ့ပါသည်။ |
| ၃ | ၁၃၃[illegible] | ကျေးရွာအနီးတွင် စက်ရုံများတည်ဆောက်ရန် မြေကေ(၉၀)ခန့်ပေးလိုက်ရမှုကြောင့် ကျေးရွာပိုင်မြေများ ဆုံးရှုံးခဲ့ရ |
| ၄ | ၁၃၅၀ | မုန်တိုင်းဒဏ်ကြောင့် ကျောင်းဆောင်အမိုးများ ပျက်စီးခဲ့ရပါသည်။ |
| ၅ | ၁၃၆၀ | ရှာဦးရှစ်မျက်နှာစေမ္မာရုံ တည်ဆောက်ခဲ့ပါသည်။ |
| ၆ | ၁၃၆၅ | ကိုယ်ထူကိုယ်ထစနစ်ဖြင့် ကျေးရွာလျှပ်စစ်မီးရရှိခဲ့ပါသည်။ |
| ၇ | ၁၃၇၂ | စာကြည့်တိုက်အဆောက်အဦးအတွက် အစိုးရထောက်ပံ့ငွေ(၁၀)သိန်းရရှိပြီး ကျေးရွာလူထုထည့်ဝင်ငွေဖြင့် တည်ဆောက်ပြီးစီးခဲ့ပါသည်။ |
| | | ရေနံပိုက်လိုင်းမီးလောင်၍ ရွာသူ၊ ရွာသား (၁၃)ဦးအသက်ဆုံးရှုံးခဲ့ရပါသည်။ |
| ၈ | ၂၀၁၀ | Save The Childrenအဖွဲ့၏ မျိုးဆက်ပွားကျန်းမာရေးစီမံကိန်းရောက်ရှိ၍ မျိုးဆက်ပွားကျန်းမာရေးဗဟုသုတ များနှင့် အထောက်အပံ့အချို့ရရှိပါသည်။ |
| ၉ | ၂၀၁၁-၁၂ | AMDAအဖွဲ့များကြောင့်ဗဟုသုတများစွာရရှိ၊ ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲ |
| ၁၀ | ၂၀၁၂-၁၃ | AMDAအဖွဲ့နှင့်Save The Childrenအဖွဲ့များမှ ကျန်းမာရေးအထောက်အကူပြု အရေးပေါ်ရံပုံငွေပူးပေါင်းမှုရရှိ ဆေးသေတ္တာပုံးများရှိ၊ အရေးပေါ်လူနာပို့ဆောင်ရေးအဖွဲ့ရှိ |
| ၁၁ | ၂၀၁၄ | AMDAအဖွဲ့၏ပံ့ပိုးမှု+ကျေးရွာလူထုထည့်ဝင်ငွေ=(၁၆၅)သိန်းဖြင့် ဟောင်းနွမ်းဆွေးမြေ့နေသော လျှပ်စစ်မီးတိုင်(သစ်သား)များကို ကွန်ကရစ်တိုင်ဖြင့်လဲလှယ်တပ်ဆင် |

CamScanner

## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ပေါက်တောအုပ်စု၊ ပေါက်တောကျေးရွာ၏ ထူးခြားဖြစ်စဉ်ဇယား

**အစည်းအဝေးမှတ်တမ်း**

| | | |
|---|---|---|
| အစည်းအဝေးကျင်းပသည့်နေရာ | - | ရွာဦးရှစ်မျက်နှာမြတ်စွာဘုရား |
| အစည်းအဝေးကျင်းပသည့်ရက်စွဲ | - | ၂၀၁၄ခုနှစ်၊ ဇွန်လ (၂၈ )ရက် |
| အစည်းအဝေးစတင်ချိန် | - | နေ့လည် (၁၂)နာရီ |
| အစည်းအဝေးတက်ရောက်သူ | - | ၁၀၀ ဦး |
| ပြီးဆုံးချိန် | - | ညနေ (၃)နာရီ |

အကြောင်းအရာ။ ။ ပေါက်တောကျေးရွာ၏ ကောင်းကျိုးဆိုးကျိုးများကို ခုနှစ်အလိုက် နှိုင်းယှဉ်ကြည့်ရန် ဇယားရေးဆွဲခြင်းကို မရင်မိုးနိုင်မှ ပြောပါသည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ AMDA ၏ ကူညီပံ့ပိုးမှုများ။ အနာဂတ်မျှော်မှန်းချက်များကို ဦးမြသန်းမှ ရှင်းပြပါသည်။

မှတ်တမ်းတင်သူ

မောင်ဇော်မျိုးထိုက်

ဆ

# အစီရင်ခံစာ

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ [illegible] ဆိုးကျိုးများ နှိုင်းယှဉ်ပါက ယခင်က NGO အကူအညီမရခြင်း [illegible] နည်းပါးခြင်းကြောင့် မိသားစုစားဝတ်နေရေးအဆင်မပြေကြသဖြင့် [illegible] နိုင်ခြင်းတို့ရှိပါသည်။

၂၀၁၁မှ ၂၀၁၂ ခုနှစ်တို့တွင်သည်း AMDA [illegible] ဗဟုသုတများစွာရရှိခဲ့ပါသည်။ ယင်းလုံအိမ်သာများဆောက်လုပ်ထားရှိကြပါသည်။

၂၀၁၂မှ ၂၀၁၃ တွင်သည်း AMDA မှ ကျန်းမာရေးစောင့်ရှောက်မှု [illegible] ရရှိခဲ့ပါသည်။ ဆေးသေတ္တာပုံးများရရှိခဲ့ပါသည်၊ AMDA အဖွဲ့များ [illegible] ပစ္စည်းများလည်းပေးအပ်ခဲ့ပါသည်။ ကျေးရွာတွင် [illegible]

၁၉၉၃-ခုနှစ်တွင် ကိုယ်ထူကိုယ်ထလျှပ်စစ်မီးရရှိခဲ့သည်၊ ၂၀၁၃-၂၀၁၄ တွင် AMDA နှင့် ကျေးရွာလူထုပူးပေါင်း၍ အနာဂတ်မျှော်မှန်းချက်အရ ကျေးရွာ [illegible] များနှင့် အစားထိုးလဲလှယ်ပိုက်ထုနိုင်ပြီး မီးကြိုးများတို့သည်း [illegible]

အစီရင်ခံတင်ပြသူ

ဒေါ်ခင်ခင်ချိုမြင့်

-၁-

ပခုက္ကူမြို့နယ်၊ ပေါက်တောအုပ်စု၊ ပေါက်တောကျေးရွာ၏
လိုအပ်ချက်ပြသနာ အကောင်အထည်ဖော်ဇယား

| စဉ် | လိုအပ်ချက် | ဖြေရှင်းနိုင်သည့်နည်းလမ်းများ | လုပ်ဆောင်မည့်သူ ဦးဆောင်မည့်သူ | ရနိုင်သောအကူအညီ | | အချိန် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | ဒေသခံ | ပြင်ပ | | |
| ၁ | သိမ်းဆည်းပိုလျှံမြေပြန်ရရေး | ရပ်ရွာလူထုချပြဆွေးနွေး | | လုပ်အား | – | ၂၀၁၅–၁၆ | |
| ၂ | ရေနုတ်မြောင်း | ။ | အုပ်ချုပ်ရေး၊ | ။ | အကူအညီ | ၂၀၁၅–၁၆ | |
| ၃ | ရွာတွင်းလမ်းပြင်(မြေနီလမ်း) | ။ | ဖွံ့ထောက် | ။ | ။ | ၂၀၁၆–၁၇ | |
| ၄ | ဆေးပေးခန်း | ။ | ရပ်မိရပ်ဖ | ။ | ။ | ၂၀၁၆–၁၆၇ | |
| ၅ | မီးသတ်ရေစည် | ။ | | ။ | ။ | ၂၀၁၆–၁၇ | |
| ၆ | မူလတန်းကျောင်းပြုပြင် | ။ | | ။ | ။ | ၂၀၁၇–၁၈ | |
| ၇ | မူကြိုကျောင်း | ။ | | ။ | ။ | ၂၀၁၈–၁၉ | |

ပခုက္ကူမြို့နယ်၊ ပေါက်တောကျေးရွာအုပ်စု၊ ပေါက်တောကျေးရွာ
ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန် လိုအပ်ချက်ဇယား အခြေအနေတင်ပြချက်

| စဉ် | ဆောင်ရွက်လိုသည့် လုပ်ငန်းအမည် | ခန့်မှန်းကုန်ကျစရိတ်(ကျပ်သိန်း) | လုပ်ငန်းဆောင်ရွက်ရံပုံငွေရရှိမှု | | | | အကျိုးပြုအိမ်ထောင်စု | စိမ်ကိန်းလွှမ်းခြုံမည့် ဧက/ဦးရေ | ဦးစားပေးအဆင့် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | ပြည်သူထည့်ဝင်မှု | နိုင်ငံတော်ဆောင်ရွက် | နိုင်ငံခြားအကူအညီ | စုစုပေါင်း | | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | သိမ်းဆည်းပိုလျှံမြေရရှိရေး | ။ | လုပ်အား | ပေးရန် | ၊ | ။ | ၁၀၀ | ၅၀ | ၁ | |
| ၂ | ရေနုတ်မြောင်း | (၂၀) | ။ | ၂၀ | | ၂၀ | ၃၀၀ | ၁၂၀၀ | ၂ | ၂၀၀၀ပေ-အရှည် |
| ၃ | ရွာတွင်းလမ်းပြင်(မြေနီခင်း) | (၇၀) | ။ | ၇၀ | | ၇၀ | ၃၄၄ | ၁၅၇၃ | ၃ | အရှည်၁၂၈၀ အကျယ်၂၀ပေ |
| ၄ | ဆေးပေးခန်း | (၃၀) | ။ | ၃၀ | | ၃၀ | ၃၄၄ | ၁၅၇၃ | ၄ | ကျွမ်းကျင်ဆရာ/မ၊အရေးပေါ်သုံးဆေးဝါး၊ဆေးပစ္စည်း |
| ၅ | မီးသတ်ရေစဉ် | (၃၀) | ။ | ၃၀ | | ၃၀ | ၃၄၄ | ၁၅၇၃ | ၅ | သံ၊ ဘိလပ်၊ ရေပိုက် |
| ၆ | မူလတန်းကျောင်းပြုပြင် | (၇၀) | ။ | ၇၀ | | ၇၀ | ၃၀၀ | ၁၂၅ | ၆ | ဘိလပ်၊ သစ်၊ သံ၊ အုတ် |
| ၇ | မူကြိုကျောင်း | (၅၀) | ။ | ၅၀ | | ၅၀ | ၅၀ | ၅၀ | ၇ | အဆောက်အဦး၊ဆရာ/မ |

မန္တလေးမြို့နယ်၊ ပေါက်တောအုပ်စု၊ ပေါက်တောကျေးရွာ၏ လိုအပ်ချက်နှိုင်းယှဉ် လိုအပ်ချက်ဇယား

ရက်စွဲ။ ၂၀၁၄ခုနှစ်၊ ဇွန်လ (၆)ရက်

| စဉ် | လိုအပ်သောအကြောင်းအရာ | နှမ်းဖုတ် အလုပ်ရုံ | ဓါတ်အားမယ်တာ ရေပိုက်လိုင်း | ရွာတွင်း လမ်းပြင် | ဆေးခန်း | စာကြည့်တိုက် | မူလတန်း ကျောင်း | ကျန်းမာရေး ကား | ရမှတ် | အဆင့် |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | သိမ်းဆည်းပိုလျှံမြေပြန်ရရေး | ပိုလျှံမြေပြန်ရရေး | ပိုလျှံမြေပြန်ရရေး | ပိုလျှံမြေပြန်ရရေး | ပိုလျှံမြေပြန်ရရေး | ပိုလျှံမြေပြန်ရရေး | ပိုလျှံမြေပြန်ရရေး | ပိုလျှံမြေပြန်ရရေး | ၇ | ၁ |
| ၂ | ရေနုတ်မြောင်း | | ရေနုတ်မြောင်း | ရေနုတ်မြောင်း | ရေနုတ်မြောင်း | ရေနုတ်မြောင်း | ရေနုတ်မြောင်း | ရေနုတ်မြောင်း | ၆ | ၂ |
| ၃ | ရွာတွင်းလမ်းပြင်(မြေနီခင်း) | | | လမ်းပြင် | လမ်းပြင် | လမ်းပြင် | လမ်းပြင် | လမ်းပြင် | ၅ | ၃ |
| ၄ | ဆေးပေးခန်း | | | | ဆေးပေးခန်း | ဆေးပေးခန်း | ဆေးပေးခန်း | ဆေးပေးခန်း | ၄ | ၄ |
| ၅ | မီးသတ်ရေကန်စဉ် | | | | | မီးသတ်ရေစဉ် | မီးသတ်ရေစဉ် | မီးသတ်ရေစဉ် | ၃ | ၅ |
| ၆ | မူလတန်းကျောင်းပြုပြင် | | | | | | ကျောင်းပြုပြင် | ကျောင်းပြုပြင် | ၂ | ၆ |
| ၇ | မူကြိုကျောင်း | | | | | | | မူကြိုကျောင်း | ၁ | ၇ |

## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ပေါက်တောအုပ်စု၊ ပေါက်တောကျေးရွာ၏ နှိုင်းယှဉ်လိုအပ်ချက်ဇယား

အစည်းအဝေးမှတ်တမ်း

အစည်းအဝေးကျင်းပသည့်နေရာ - ရွာဦးရှစ်မျက်နှာပြက္ခဒိတ်ဘုရား

အစည်းအဝေးကျင်းပသည့်ရက်စွဲ - ၂၀၁၄ခုနှစ်၊ ဇွန်လ (၂၈ )ရက်

အစည်းအဝေးစတင်ချိန် - နေ့လည် (၁၂)နာရီ

အစည်းအဝေးတက်ရောက်သူ - ၁၀၀ ဦး၊

ပြီးဆုံးချိန် - ညနေ (၅)နာရီ

အကြောင်းအရာ။ ၊ ပေါက်တောကျေးရွာ၏ လိုအပ်ချက်နှိုင်းယှဉ်ပြဇယားရေးဆွဲရန် ဦးညွှန့်အောင်မှ အခြေခံအကြောင်းအရင်းများကို ရှင်းပြပါသည်။

ဦးတော့်တို့မှ ကျေးရွာ၏လိုအပ်ချက်များကို တဆင့်စီအကောင်အထည်ဖော်ပါက ပိုမိုအဆင်ပြေရေးအတွက် ဤကဲ့သို့ကျေးရွာလူထုအား အသိပေးခြင်းဖြစ်ပါသည်ဟု ပြောပါသည်။ ကျေးရွာခေါင်းဆောင်မှ ဤကဲ့သို့ နှိုင်းယှဉ် ရွေးချယ်မှု၏ အကျိုးရလဒ်များနှင့် လုပ်ငန်းအဆင့်ဆင့်ကို ပြောကြားခဲ့ပါသည်။ လူဦးရေ (၁၀၀)ဦး တက်ရောက်နားထောင်ခဲ့ပါသည်။ ကျေးရွာမှ ဆွေးနွေးအကြံပြုချက်များသည် အဓိကဖြစ်ကြောင်း ထပ်ဆင့် ရှင်းလင်းပြပါသည်။

မှတ်တမ်းတင်သူ

မောင်ဇော်မျိုးထိုက်

# အစီရင်ခံစာ

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ပေါက်တောအုပ်စု၊ ပေါက်တောကျေးရွာ၏ လိုအပ်ချက်နှိုင်းယှဉ်ပြဇယားကို ၂၀၁၄ခုနှစ်၊ ဇွန်လအတွင်း အစည်းအဝေးပြုလုပ်ရေးဆွဲခဲ့ပါသည်။ လူဦးရေ (၁၈၀)ဦးခန့် တက်ရောက်ခဲ့ပါသည်။ မိမိကျေးရွာ၏လိုအပ်ချက်များကို နှိုင်းယှဉ်ရွေးချယ်ပါက သိမ်းဆည်းပိုလျှံမြေယာပြန်လည်ရရှိရေးသည် အဆင့်(၁)နေရာတွင်သာ ရှိခဲ့ပါသည်။ ကျေးရွာလူထုရွေးချယ်မှုသည် အတူးမှန်ကန်ပါသည်။ ပေါက်တောကျေးရွာတွင် လက်လုပ်လက်စားပေါများပြီး အလုပ်အကိုင်ရှားပါသဖြင့် စားဝတ်နေရေးအခက်အခဲရှိပါသည်။ အလုပ်လက်မဲ့များပေါများခြင်းကြောင့် စီးပွားရေးချို့တဲ့နွမ်းပါးပါသည်။ ဒါကြောင့် ၎င်းပြဿနာများပြေလည်စေရန် အလုပ်အကိုင်အခွင့်အလမ်းတစ်ခု ဖော်ထုတ်လုပ်ဆောင်ပေးရန် လိုအပ်သည့်အတွက် သိမ်းဆည်းပိုလျှံမြေယာပြန်လည်ရရှိရန် လိုအပ်ပါသည်။

သိမ်းဆည်းပိုလျှံမြေယာပြန်လည်ရရှိမည်ဆိုပါက ယခင်လုပ်ကိုင်ဆောင်ရွက်ခဲ့သော တောင်သူများနှင့် ကူလီလုပ်သားများလည်း အလုပ်အကိုင်ရရှိ၍ ဆင်းရဲ၍စားဝတ်နေရေးကြပ်တည်းနေကြသောအိမ်ထောင်စုများ စားဝတ်နေရေးအဆင်ပြေစေရန်အတွက် ဆောင်ရွက်ပေးစေလိုပါသည်။


အစီရင်ခံတင်ပြသူ

မောင်ဇော်မျိုးထိုက်

CamScanner

## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ဝေါက်တောအုပ်စု၊ ဝေါက်တောကျေးရွာ၏အမျိုးသမီးဆိုင်ရာသုံးသပ်ချက်

ရက်စွဲ၊ ၂၀၀၃ ခုနှစ်၊ ဇွန်လ ၂၇ ရက်



## ဒေသန္တရကိုင်းဒေသကြီး၊ ဝေဠုကျွန်းမြို့နယ်၊ ပေါက်တောအုပ်စု၊ ပေါက်တောကျေးရွာ၏ အမျိုးသား၊ အမျိုးသမီး နှိုင်းယှဉ်မှု ပင့်ကူအိမ်ဇယားရေးဆွဲခြင်း

အစည်းအဝေးမှတ်တမ်း

အစည်းအဝေးကျင်းပသည့်နေရာ - ရွာဦးကျောင်းမှတ်နှာမြတ်စွာဘုရား

အစည်းအဝေးကျင်းပသည့်ရက်စွဲ - ၂၀၁၄ခုနှစ်၊ ဇွန်လ (၂၈ )ရက်

အစည်းအဝေးစတင်ချိန် - နေ့လည် (၁၂)နာရီ

အစည်းအဝေးတက်ရောက်သူ - ၁၆၀ ဦး

ပြီးဆုံးချိန် - ညနေ (၄)နာရီ

အကြောင်းအရာ။ ၊ ပေါက်တောကျေးရွာတွင် အမျိုးသားနှင့် အမျိုးသမီးများ၏ နှိုင်းယှဉ်မှုကို ပင့်ကူအိမ်ဇယားလေးပြင့်ဆွဲ၍ ဒေါ်ရင်မိုးခိုင်မှ ရှင်းပြပါသည်။

ပင့်ကူအိမ်ဇယားတွင် ထည့်သွင်းရမည့်အကြောင်းအချက်များကို ဦးညွှန့်အောင်မှ ရှင်းပြပါသည်။ ကျေးရွာလူထုများ စိတ်ဝင်စားစွာ နားထောင်ခဲ့ကြပါသည်။ ပင့်ကူအိမ်ဇယားအား ဒေါ်ကြူကြူသင်းမှ ကူညီရေးဆွဲပါသည်။

မှတ်တမ်းတင်သူ

မောင်ဇော်မျိုးထိုက်

# အစီရင်ခံစာ

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ပေါက်ကောက်ရပ်ရှ ပေါက်ကောက်ကျေးရွာတွင် အမျိုးသား အမျိုးသမီး နှိုင်းယှဉ်မှုရေးဆွဲရာတွင် ပုံပေါ်ပေါက်မှုတွင် အမျိုးသားများနှင့်အမျိုးသမီးများ တန်းတူပါဝင်ပါသည်။

အလုပ်အကိုင် အခွင့်အလမ်းတွင် အမျိုးသမီးများက အဆင့် ၄ တွင်ပါဝင်ပြီး အမျိုးသားများက အဆင့် (၆)တွင်ပါဝင်ပါသည်။

ဝင်ငွေရရှိနိုင်မှုတွင်လည်း အမျိုးသမီးများက အဆင့်(၄)တွင်ရှိပြီး အမျိုးသားများကလည်း အဆင့် (၆)တွင်ရှိပါသည်။ အိမ်မှုကိစ္စလုပ်ငန်းဆောင်တာဆောင်ရွက်မှုအပိုင်းတွင် အမျိုးသမီးများက အဆင့်(၆)တွင်ရှိပြီး အမျိုးသားများကအဆင့်(၄)တွင်ရှိပါသည်။

ပစ္စည်းဥစ္စာပိုင်ဆိုင်မှုအပိုင်း၌ အမျိုးသမီးများက အဆင့်(၆)တွင်ရှိပြီး အမျိုးသားများက အဆင့်(၆)တွင်ရှိပါသည်။ လုံခြုံမှုတွင် အမျိုးသမီးများက အဆင့်(၃)တွင်ရှိပြီး အမျိုးသားများက အဆင့်(၅)တွင်ရှိပါသည်။ ပညာတတ်မြောက်မှုတွင် အမျိုးသမီးများက အဆင့်(၅)တွင်ရှိပြီး အမျိုးသားများက အဆင့်(၆)တွင်ရှိပါသည်။

ရပ်ရွာအတွက် ဆုံးဖြတ်ချက်ချနိုင်မှုအပိုင်းတွင် အမျိုးသမီးများက အဆင့်(၄)တွင်ရှိပြီး အမျိုးသားများက အဆင့်(၆)တွင်ရှိပါသည်။ ကျေးရွာ၏ အရင်းအမြစ်အပေါ် ထိန်းချုပ်ဆုံးဖြတ်နိုင်မှုတွင်လည်း အမျိုးသမီးများက အဆင့်(၅)တွင်ရှိပြီး အမျိုးသားများက အဆင့် (၆)တွင်ရှိပါသည်။

အစီရင်ခံတင်ပြသူ

မောင်ဇော်မျိုးထိုက်